# ဗမာပြည်ကွန်မြူနစ်ပါတီ

# ၏

# အထွေထွေလုပ်ငန်းစဉ်

★

၁၉၇၉ ခု စက်တင်ဘာလ ၁၃ ရက်

# ဗမာပြည်ကွန်မြူနစ်ပါတီ

# ၏

# အထွေထွေလုပ်ငန်းစဉ်

☆

၁၉၇၉ ခု စက်တင်ဘာလ ၁၃ ရက်

ဘာသာပြန်နှင့် စာပုံနှိပ်ဌာန
ဗမာပြည်ကွန်မြူနစ်ပါတီ
၁၉၇၉ ခုနှစ် စက်တင်ဘာလတွင် ရိုက်နှိပ်သည်။

## ၁။ ပါတီ၏လက္ခဏာ၊ သဘောတရားအခြေခံနှင့် နောက်ဆုံးရည်မှန်းချက်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည်ရှိ ပစ္စည်းမဲ့လူတန်းစား၏ စည်းရုံးမှုရှိသည့် တခုတည်းသော တပ်ဦးပါတီဖြစ်သည်။ ဗမာပြည်ပစ္စည်းမဲ့လူတန်းစား၏ လူတန်းစားအဖွဲ့အစည်းတွင် အမြင့်ဆုံးသဏ္ဌာန်ဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် နိုင်ငံတကာ့ကွန်မြူနစ်လှုပ်ရှားမှုတပ်ဖွဲ့များအနက် တပ်ဖွဲ့တခုဖြစ်သည်။

ဗမာပြည်တော်လှန်ရေးကို ခေါင်းဆောင်သည့် အမြုတေအင်အားသည် ဗမာပြည်ကွန်မြူနစ်ပါတီဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် မာ့က်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို မိမိအတွေးအခေါ်အား လမ်းညွှန်သောသဘောတရားအခြေခံနှင့် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူကျင့်သုံးသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် အနုပဋိလောမရုပ်ဝါဒနှင့် သမိုင်းရုပ်ဝါဒကို မိမိတို့၏ကမ္ဘာ့အမြင်အဖြစ်ဆုပ်ကိုင်ပြီး ပါတီတွင်းတွင် စိတ်ဝါဒနှင့် တက္ကဗေဒကိုင်ရင်း၊ လက်ဝဲ၊လက်ယာ အချောင်သမားဝါဒများကိုရင်း၊ ပစ္စည်းမဲ့မဆန်သော အတွေးအခေါ်၊ စည်းရုံးရေးနှင့် လုပ်ဟန်များကိုရင်း အဆက်မပြတ် ဆန့်ကျင်တိုက်ခိုက်သွားရမည်။

အာဏာမရသေးမှီ လက်နက်ကိုင်တိုက်ပွဲဆင်နွှဲနေသည့် ကာလအတွင်းမှာသော်ငင်း၊ အာဏာရပြီးသော ကာလမှာသော်ငင်း ပြန်လည်ပြင်ဆင်ရေးဝါဒကို အဓိကအားဖြင့် ဆန့်ကျင်တိုက်ခိုက်သွားရမည်။ တချိန်တည်းတွင် တရားသေဝါဒနှင့် အတွေ့အကြုံဝါဒကိုလည်း ပေါ်လာသည့်နေရာတိုင်း၌ တိုက်ခိုက်သွားရမည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ပစ္စည်းမဲ့နိုင်ငံတကာ့ဝါဒကို စွဲမြဲစွာလိုက်နာကျင့်သုံးသည့် ပါတီဖြစ်သည်။ တချိန်တည်းတွင် တော်လှန်သောပြည်ချစ်ဝါဒကို ကျင့်သုံးသည့် ပါတီဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ကမ္ဘာပေါ်ရှိစစ်မှန်သော မာ့က်စ်လီနင်ဝါဒပါတီများ၊ အဖွဲ့အစည်းများနှင့်၎င်း၊ တကမ္ဘာလုံးမှပစ္စည်းမဲ့လူတန်းစားများ၊ အဖိနှိပ်ခံပြည်သူများ၊ အဖိနှိပ်ခံအမျိုးသားများနှင့်၎င်း၊ ခိုင်မြဲစွာသွေးစည်းညီညွတ်ကာ မျက်မှောက်အချိန်တွင် နယ်ချဲ့သမားများ၊ အဓိကအားဖြင့် အင်အားလွန်နိုင်ငံကြီးနှစ်နိုင်ငံဖြစ်သည့် ဆိုဗီယက်ဆိုရှယ်နယ်ချဲ့နှင့် အမေရိကန်နယ်ချဲ့တို့ကို၎င်း၊ အထူးသဖြင့် ဆိုဗီယက်ဆိုရှယ်နယ်ချဲ့၏ ဗိုလ်ကျရေးဝါဒကို၎င်း ဆန့်ကျင်တိုက်ခိုက်သွားမည်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်တည်းဟူသော တလောကလုံးဆိုင်ရာ အမှန်တရားကို ဗမာပြည်တော်လှန်ရေး၏ အခိုင်အမာလက်တွေ့အခြေအနေများနှင့် မှန်ကန်စွာ ပေါင်းစပ်ကျင့်သုံးသွားမည်ဖြစ်သည်။

ပြည်သူလူထုသည်သာလျှင် ကမ္ဘာ့သမိုင်းကိုဖန်တီးသည့် တွန်းအားဖြစ်သည် ဟူသောအမြင်ကို ဗမာပြည်ကွန်မြူနစ်ပါတီက လက်ခံကျင့်သုံးသည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည်ရှိ လူမျိုးအသီးသီးပြည်သူလူထုကို စိတ်ရောကိုယ်ပါ အလုပ်အကျွေးပြုပေသည်။ အလုပ်သမားများ၊ လယ်သမားများ၊ အခြားတော်လှန်သောလုပ်သားပြည်သူများနှင့် အကျယ်ပြန့်ဆုံးသော ဆက်သွယ်မှုများကို ထူထောင်ပြီး၊ ဤသို့သော ဆက်သွယ်မှုများ ခိုင်မာတောင့်တင်းလာစေရန်နှင့် ကျယ်ပြန့်လာစေရန် အစဉ်အမြဲဂရုပြုပေသည်။ လူထုကိုချစ်မြတ်နိုးပြီး လူထုကိုယုံကြည် မှီခိုအားထားကာ လူထုနှင့်တသားတည်းဖြစ်အောင်

ထာဝစဉ်ကြိုးပမ်းပေသည်။ ပါတီ၏အကျိုးစီးပွားများနှင့်လူထု၏ အကျိုးစီးပွားများသည် တထပ်တည်းဖြစ်ပေသည်။ ပါတီအပေါ် တာဝန်ယူခြင်းနှင့် လူထုအပေါ် တာဝန်ယူခြင်းသည် တထပ်တည်းဖြစ်ပေသည်။ ပါတီ၏လက်တွေ့လုပ်ငန်းအားလုံးတွင် လူထုဆီမှလာပြီး လူထုဆီသို့ပြန်သွားသောလူထုလမ်းစဉ်ကို ကျင့်သုံးပေသည်။ ဆိုလိုသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီဝင်များသည် လူထုထဲဆင်း၍ လူထုထံမှ လေ့လာဆည်းပူးပေသည်။ လူထု၏အတွေ့အကြုံများကို စုစည်းပေါင်းချုပ်ပြီး ပိုမိုကောင်းမွန်စနစ်ကျသော သဘောတရားနှင့်နည်းနာများ ဖြစ်လာအောင်လုပ်ကာ လူထုကိုဝါဒဖြန့်လှုံ့ဆော်စည်းရုံးပြီး လူထုကို မှန်ကန်စွာ ခေါင်းဆောင်မှုပေးပေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် မိမိ၏လုပ်ငန်းများတွင် ချွတ်ယွင်းမှုများနှင့်မှားယွင်းမှုများကို ဖုံးကွယ်ခြင်းမပြုဘဲ ကိုယ့်ကိုယ်ကိုဝေဖန်ရေး၊ ဝေဖန်ရေးနည်းနာဖြင့် မပြတ်ဆေးကြောပြီး အချိန်မီပြုပြင်ကာ ပါတီဝင်များနှင့် ကေဒါများအား ပညာပေးခြင်းပြုပေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်သည့် ဗမာပြည်တော်လှန်ရေး၏လှုပ်ရှားမှုဖြစ်စဉ်တွင် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးနှင့် ဆိုရှယ်လစ်တော်လှန်ရေးဟူ၍ အဆင့်နှစ်ခုပါဝင်သည်။ ၎င်းတို့သည်လက္ခဏာချင်းမတူသည့် တော်လှန်ရေးခရီးစဉ်နှစ်ရပ်ဖြစ်သည်။ ပထမတော်လှန်ရေးခရီးစဉ် အခြေခံအားဖြင့်ပြီးဆုံးမှသာလျှင် ဒုတိယတော်လှန်ရေးခရီးစဉ်ကို ဆောင်ရွက်နိုင်ပေမည်။ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးသည် ဆိုရှယ်လစ်တော်လှန်ရေးအတွက် လိုအပ်သည့်ပြင်ဆင်မှုဖြစ်၍ ဆိုရှယ်လစ်တော်လှန်ရေးသည် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးက မုချရှေ့ရှုသွားရမည့်အဆင့်ဖြစ်သည်။ ဗမာပြည်တော်လှန်ရေး၏ အဆင့်နှစ်ခုဖြစ်သော ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးနှင့် ဆိုရှယ်

လစ်တော်လှန်ရေးအကြားတွင် မဟာတံတိုင်းကြီးခြားနေသည်မဟုတ်ပေ။ ဗမာပြည်တော်လှန်ရေးဖြစ်စဉ်တွင် အဆင့်များရှိသော်လည်း တခုတည်းသော အဆက်မပြတ်သည့် တော်လှန်ရေး ဖြစ်စဉ်ဖြစ်ပေသည်။

ဆိုရှယ်လစ်လူ့အဖွဲ့အစည်းသည် ရှည်ကြာသည့် သမိုင်းကာလတခုကို ဖြတ်သန်းရမည်ဖြစ်ပြီး၊ ၎င်းကာလတွင် လူတန်းစားများ၊ လူတန်းစားပဋိပက္ခများနှင့် လူတန်းစားတိုက်ပွဲများ ဆက်လက်တည်ရှိနေပေလိမ့်မည်။ နောက်ဆုံးကွန်မြူနစ်လူ့အဖွဲ့အစည်းသို့ ရောက်မှသာလျှင် လူတန်းစားများ၊ လူတန်းစားပဋိပက္ခများနှင့် လူတန်းစားတိုက်ပွဲများသည် ကွယ်ပျောက်သွားပေလိမ့်မည်။ ဆိုရှယ်လစ်တော်လှန်ရေးနှင့် ဆိုရှယ်လစ်တည်ဆောက်ရေး လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပစ္စည်းမဲ့အာဏာရှင်စနစ်ကို မုချထူထောင် ကျင့်သုံးရမည်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ နောက်ဆုံးရည်မှန်းချက်သည် လူလူချင်း သွေးစုတ်မှုကင်းစင်သော၊ လူတန်းစားမရှိသော ကွန်မြူနစ်လူ့အဖွဲ့အစည်းကို ထူထောင်ရန်ဖြစ်သည်။

## ၂။ ဗမာပြည်၏ လက်ရှိလူ့အဖွဲ့အစည်း။

၁၈၂၄ ခုနှစ်မတိုင်မီက ဗမာပြည်သည် လွတ်လပ်သော ပဒေသရာဇ်မြေရှင်စနစ်တိုင်းပြည်တပြည် ဖြစ်သည်။ ၁၈၈၅ ခုနှစ်မှစပြီး ဗမာပြည်တပြည်လုံးသည် အင်္ဂလိပ်နယ်ချဲ့သမား၏ ကိုလိုနီနိုင်ငံဖြစ်ခဲ့ပေသည်။ ၁၉၄၈ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် ဗမာပြည်သည် နိုင်ငံရေးအားဖြင့် လွတ်လပ်ရေးရကာ စီးပွားရေးအားဖြင့် နယ်ချဲ့သမားပေါင်းစုံအပေါ် မှီခိုနေရသော ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း နိုင်ငံ

ဖြစ်လာသည်။

ဖဆပလ အစိုးရမှစ၍ လက်ရှိနေဝင်းစန်းယုစစ်အစိုးရအထိ အဆက်ဆက်သော ဖောက်ပြန်သည့် အစိုးရများသည် ပြည်ပတွင် နယ်ချဲ့သမားများနှင့်ချိတ်ဆက်ပူးပေါင်းကာ ပြည်တွင်းတွင် ပဒေသရာဇ်မြေရှင်လူတန်းစားနှင့် ဓနရှင်ကြီးလူတန်းစား၏ အာဏာရှင်စနစ်ကို ကျင့်သုံးပေသည်။ ဤဖောက်ပြန်သော အစိုးရအဆက်ဆက်သည် ပြည်တွင်းတွင် ချယ်လှယ်သွေးစုတ်နေသော နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်နှင့် ဗျူရိုကရက်အရင်းရှင်စနစ်ဟူသော စနစ်ဆိုး ၃ ခု၏ ကိုယ်စားလည်ချျပ်ပင်ဖြစ်သည်။ ၎င်းတို့သည် နယ်ချဲ့ပေါင်းစုံကိုမှီခို၊ ပဒေသရာဇ်မြေရှင်စနစ်ကို ဆက်လက်ထိန်းသိမ်းပြီး ဗျူရိုကရက်အရင်းရှင်စနစ်ကို ကြီးထွားအောင်လုပ်နေသော အကြီးဆုံး လက်သယ်တရားခံများပင်ဖြစ်သည်။ ဤစနစ်ဆိုး ၃ ခုနှင့် ၎င်းတို့၏ ကိုယ်စားလည်ဖောက်ပြန်သော အစိုးရများ၏ ဖိနှိပ်သွေးစုတ်မှုအောက်တွင် တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစသည်တို့သည် ဆုတ်ယုတ်ပျက်ပြားခဲ့ရသည်။ စက်မှုလက်မှုနှင့် လယ်ယာထုတ်လုပ်မှုများ ကျဆင်းခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆုတ်ယုတ်ပျက်စီးခြင်း၊ စားသုံးကုန်ပစ္စည်းများ ရှားပါးခြင်း၊ ကုန်ဈေးနှုန်း ခေါင်ခိုက်အောင်ကြီးမြင့်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဆုတ်ယုတ်ပျက်ပြားခြင်း၊ ဒီမိုကရေစီအခွင့်အရေးများ ဆိပ်သုဉ်းနေခြင်း စသည်များကား ရှောင်လွှဲ၍မရနိုင်သည့် အလွန်ပေါ် လွင်ထင်ရှားနေသော အကျိုးဆက်များပင် ဖြစ်ပေသည်။

လက်ရှိနေဝင်းစန်းယုစစ်အစိုးရ၏ လက်အောက်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကြပ်အတည်းများသည် တဆင့်တိုးပြီး နက်ရှိုင်းဆိုးရွားလာခဲ့ပေသည်။ စစ်အစိုးရ၏ ဖိနှိပ်သွေးစုတ်မှုဒဏ်ကို ပိုမို

ပြင်းထန်စွာခံစားနေရခြင်းကြောင့် မလွတ်မြောက်သေးသောနယ်မြေရှိ ပြည်သူလူထုကြီးသည် ပိုမို၍မခံမရပ်နိုင်ဖြစ်လာပြီး အုံကြွတိုက်ခိုက်လာနေပေသည်။ ပြည်တွင်းရှိ လူမှုပဋိပက္ခများသည် တနေ့တခြား သဲသန်ပြင်းထန်လာလျက်ရှိသည်။ လက်ရှိပြည်တွင်းတွင် ဖြစ်ပေါ်လျက်ရှိသော ဘက်ပေါင်းစုံအကြပ်အတည်းများကား ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း ဗမာပြည်လူ့အဖွဲ့အစည်းရှိ အရင်းခံပဋိပက္ခများမှ၎င်း၊ စစ်အစိုးရက မနားတမ်းကျင့်သုံးနေသော ပြည်သူဆန့်ကျင်ရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေး၊ တော်လှန်ရေးဆန့်ကျင်ရေးဟူသော ဖောက်ပြန်သည့် လမ်းစဉ်ပေါ်လစီများ၊ အထူးသဖြင့် ဖောက်ပြန်သောပြည်တွင်းစစ်ပေါ်လစီမှ၎င်း ပေါ်ထွက်လာခြင်းဖြစ်ရာ မည်သည့်ဖောက်ပြန်သောအစိုးရပင်ဖြစ်စေ ဤအကြပ်အတည်းများကို မည်သည့်နည်းနှင့်မျှ ဖြေရှင်းခြင်းငှာ မစွမ်းနိုင်ပေ။ ယင်းအကြပ်အတည်းများကို ဖြေရှင်းနိုင်သည့် တခုတည်းသောလမ်းကြောင်းကား ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကို ပြီးဆုံးအောင်ဆင်နွှဲပြီး စနစ်ဆိုး ၃ ခုနှင့်၎င်း၏ကိုယ်စားလည် ဖောက်ပြန်သော စစ်အစိုးရကို ချေမှုန်းကာ ပြည်သူ့ဒီမိုကရေစီ သမတနိုင်ငံထူထောင်ခြင်းပင် ဖြစ်ပေသည်။

## ၃။ ဗမာပြည်တော်လှန်ရေး၏လက္ခဏာ။

ဗမာပြည်၏ လက်ရှိလူ့အဖွဲ့အစည်းအခြေအနေသည် ဗမာပြည်၏ တော်လှန်ရေးလက္ခဏာကို ပြဋ္ဌာန်းပေသည်။

လက်ရှိဗမာပြည်တော်လှန်ရေး၏ လက္ခဏာသည် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးဖြစ်သည်။ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးသည် ခနရှင်လူတန်းစားက ခေါင်းဆောင်သည့် အရင်းရှင်လူ့အဖွဲ့အစည်းနှင့် ခနရှင်အာဏာရှင်စနစ် ကျင့်သုံးသော နိုင်ငံကိုထူထောင်ရန် ရည်ရွယ်

သော အရင်းရှင်ဒီမိုကရေစီတော်လှန်ရေး အဟောင်းလည်း မဟုတ်ပေ။ နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်၊ ဗျူရိုကရက်အရင်းရှင်စနစ်ကိုသာ ဦးတည်တိုက်ပြီး နယ်ချဲ့၊ ပဒေသရာဇ်မြေရှင်နှင့် ဗျူရိုကရက်အရင်းရှင်ဆန့်ကျင်ရေးတွင် ပါဝင်နိုင်သေးသည့် မည်သည့်အရင်းရှင်စနစ်အစိတ်အပိုင်းကိုမျှ တိုက်ဖျက်ခြင်းမပြုသဖြင့် ဆိုရှယ်လစ်တော်လှန်ရေးလည်း မဟုတ်ပေ။ ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေးသည် ပစ္စည်းမဲ့လူတန်းစား ခေါင်းဆောင်သည့် ( ဗမာပြည်ကွန်မြူနစ်ပါတီမှတဆင့် ) အလုပ်သမားလယ်သမားမဟာမိတ်ဖွဲ့မှုအပေါ် အခြေခံသောကျန်တော်လှန်သည့် လူတန်းစားအသီးသီးပါဝင်သော တော်လှန်ရေးဖြစ်ပေသည်။ တချိန်တည်းတွင် ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေး၏ အစိတ်အပိုင်း တရပ်လည်း ဖြစ်ပေသည်။

ဗမာပြည် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးသည် အခြေခံလက္ခဏာအရဆိုသော် နယ်ချဲ့ဆန့်ကျင်ရေး၊ ပဒေသရာဇ်မြေရှင်ဆန့်ကျင်ရေးနှင့် ဗျူရိုကရက်အရင်းရှင် ဆန့်ကျင်ရေးပင်ဖြစ်သည်။ ဤရန်သူကြီး ၃ ဦးကို တိုက်ခိုက်ဖြိုချရန် ဖြစ်သည်။ လက်ရှိဗမာပြည်အခြေအနေတွင် အဓိကပဋိပက္ခသည် ဗမာပြည်ကွန်မြူနစ်ပါတီက ခေါင်းဆောင်သောလူမျိုးအသီးသီး ပြည်သူများကတဘက်၊ နယ်ချဲ့ပဒေသရာဇ်မြေရှင်စနစ်နှင့် ဗျူရိုကရက်အရင်းရှင်စနစ်တို့ကို ကိုယ်စားပြုသောပြည်သူဆန့်ကျင်ရေး၊ ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်နေသည့် ဖောက်ပြန်သောနေဝင်းစန်းယု စစ်အစိုးရကတဘက်၊ ဤနှစ်ဘက်အကြားရှိ ပဋိပက္ခဖြစ်သည်။ ဤအခြေအနေတွင် အထက်၌ဆိုခဲ့သော ရန်သူကြီး ၃ ဦး၏ ကိုယ်စားလည် နေဝင်းစန်းယုစစ်အစိုးရကို တိုက်ခိုက်ချေမှုန်းရမည်ဖြစ်သည်။

ဗမာပြည် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး တပြည်လုံးတွင်

အောင်ပွဲမရသေးမှီ ရေရှည်လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေသည့် ကာလအတွင်း၌ ကျေးလက်ဒေသတွင် အာဏာနီအခြေခံ စခန်းများကို တည်ဆောက်မည်ဖြစ်သည်။ ဤအခြေခံဒေသများတွင် တော်လှန်ရေးက ထူထောင်မည့် နိုင်ငံရေးအာဏာသည် ပစ္စည်းမဲ့လူတန်းစားက (ဗမာပြည်ကွန်မြူနစ်ပါတီမှ တဆင့်) ခေါင်းဆောင်သည့် အလုပ်သမား လယ်သမားမဟာမိတ်ဖွဲ့မှု အပေါ်တွင် အခြေခံသော မြို့နေမနေရှင်ပေါက်စနှင့် အမျိုးသားအရင်းရှင်များပါဝင်သော ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးအဆင့်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်မည်ဖြစ်သည်။

ဗမာပြည် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးဆင်နွှဲနေသည့် ခရီးစဉ်တွင် ရန်သူ့အခြေအနေပြောင်းလဲမှုနှင့် မဟာမိတ်အင်အားများ၏ ပြောင်းလဲမှုကြောင့် အဆင့်ကဏ္ဍအချို့ခွဲ၍ ဆင်နွှဲရခြင်းမျိုးရှိနိုင်သော်လည်း ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး၏ အခြေခံလက္ခဏာမှာကား ပြောင်းလဲသွားလိမ့်မဟုတ်ပေ။

ပထမတော်လှန်ရေး ခရီးစဉ်အခြေခံအားဖြင့် အောင်ပွဲခံပြီးနောက်၊ တနည်းအားဖြင့် တပြည်လုံးအတိုင်းအတာအရ အာဏာကိုသိမ်းပိုက်ပြီး ပြည်သူ့ဒီမိုကရေစီသမတနိုင်ငံတော်ကို ထူထောင်လိုက်သောအခါတွင် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးအဆင့်သည် ပြီးဆုံး၍ ချက်ချင်း ဆိုရှယ်လစ်တော်လှန်ရေးအဆင့်သို့ ကူးပြောင်းသွားမည်ဖြစ်သည်။ ထိုအခါတွင် ထူထောင်မည့်အာဏာသည် ပစ္စည်းမဲ့အာဏာရှင်စနစ်ဖြစ်သည်။ ဤအာဏာရှင်စနစ်က ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး၏ မပြီးဆုံးသေးသည့် လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရဦးမည်ဖြစ်သော်လည်း အဓိကအားဖြင့်ကား ဆိုရှယ်လစ်တော်လှန်ရေး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်မည်ဖြစ်သည်။

## ၄။ ဗမာပြည်တွင်အုပ်စိုးသော လူတန်းစား၏လက္ခဏာ။

ဗမာပြည်သည် ကိုလိုနီတပိုင်းပဒေသရာဇ်တပိုင်း နိုင်ငံဖြစ်သဖြင့် မြေရှင်လူတန်းစားအနေနှင့် အမျိုးသားမြေရှင်လူတန်းစားနှင့် လက်ဝေခံမြေရှင်လူတန်းစားဟူ၍ နှစ်မျိုးနှစ်စားရှိပေသည်။

ဗမာပြည်တွင် အာဏာရရှိနေသောလူတန်းစားသည် လက်ဝေခံလက္ခဏာဆောင်သော မြေရှင်ကြီးလူတန်းစား (ဝါ) ဗျူရိုကရက်မြေရှင်လူတန်းစားပင်ဖြစ်သည်။

ဤလူတန်းစားထဲမှ မတူသောအစိတ်အပိုင်းများသည် မတူသောနယ်ချဲ့နိုင်ငံများ၏ သြဇာခံများဖြစ်ကြသည်။ ဤအကြောင်းကြောင့် နယ်ချဲ့နိုင်ငံအချင်းချင်းပဋိပက္ခ ပြင်းပြင်းထန်ထန်ဖြစ်လာသည့်အခါတွင်၎င်း၊ တော်လှန်ရေးက နယ်ချဲ့နိုင်ငံတခုခုကို အဓိကထား၍ဆန့်ကျင်သည့်အခါတွင်၎င်း၊ တခြားနယ်ချဲ့နိုင်ငံကို အလုပ်အကျွေးပြုသော ဤလူတန်းစားထဲမှ အစိတ်အပိုင်းတရပ်သည် မိမိ၏ပင်ကိုယ်လက္ခဏာကိုမပြောင်းလဲဘဲ ထိုအချိန်တွင် ဦးတည်တိုက်ခိုက်ရမည့်နယ်ချဲ့နိုင်ငံအား ဆန့်ကျင်ရေးအတွက် တပ်ပေါင်းစုထဲသို့ တစုံတရာသောအတိုင်းအတာအထိ ပါဝင်လာနိုင်စရာ အကြောင်းရှိသည်။ သို့သော် ၎င်းတို့က အလုပ်အကျွေးပြုသောနယ်ချဲ့နိုင်ငံက တော်လှန်ရေးကို ဆန့်ကျင်လိုက်သည်နှင့် သူတို့ကလည်း ဆန့်ကျင်ကြမည်ပင်ဖြစ်သည်။

၁၉၄၈ ခုနှစ်မှစပြီး ဗမာပြည်တွင် အာဏာရလာသော ဤလူတန်းစားသည် မိမိတို့လက်ထဲတွင် ရရှိသောအာဏာကိုအသုံးပြုပြီး မိမိတို့ အကျိုးအတွက် နိုင်ငံတော်အရင်းရှင်စနစ် သဏ္ဍာန်ဖြင့် စီးပွားရေးလုပ်ငန်းအမျိုးအပြား စတင်လာကြသည်။ ဤသည်မှာ ဗျူရိုကရက်

လက်ဝေခံအရင်းရှင်စနစ် ဖြစ်ပေါ်လာရေးအတွက် အစပျိုးလိုက်ခြင်း ဖြစ်ပေသည်။ ဖဆပလအစိုးရသည် ၎င်း၏သက်တမ်း တလျှောက်လုံး တွင်နယ်ချဲ့သမားနှင့် ဖက်စပ်စီးပွားရေးလုပ်ငန်းများလုပ်ခြင်း၊ အချို့ စီးပွားရေးများကို နိုင်ငံပိုင်လုပ်ခြင်း၊ ပြည်တွင်းရှိအရင်းရှင်များနှင့်ဖက် စပ် စီးပွားရေးလုပ်ငန်းလုပ်ခြင်း၊ သမဝါယမလုပ်ခြင်းစသည့် သဏ္ဍာန် အမျိုးမျိုးကို ကျင့်သုံးပြီး ဗျူရိုကရက်အရင်းရှင်စနစ်ကို ဆက်လက် ဖြစ်ပေါ်ကြီးထွားအောင် လုပ်ခဲ့ပေသည်။

အထူးသဖြင့် ၁၉၆၂ ခုနှစ်တွင် နေဝင်းစန်းယုစစ်အစိုးရက အာ ဏာသိမ်းပြီးနောက် နေဝင်းစန်းယုမှအစ စစ်ဗိုလ်ကြီးများသည် အာ ဏာကိုအသုံးပြုကာ စီးပွားရေးလုပ်ငန်းများကို လက်ဝါးကြီးအုပ်ပြီး ကိုယ်ကျိုးရှာနေကြပေသည်။ ဤသို့ဖြင့် ဗမာပြည်တွင် ဗျူရိုကရက် အရင်းရှင်စနစ်သည် ပြည့်ပြည့်စုံစုံ ဖြစ်ပေါ်လာခဲ့ပေသည်။ ဗမာ ပြည်ရှိ ဗျူရိုကရက်အရင်းရှင်စနစ်သည် ဗမာပြည်၏ အတိုင်းအတာ အရ လက်ဝါးကြီးအုပ် အရင်းအနှီးပင်ဖြစ်သည်။ နိုင်ငံတော်အာဏာ နှင့် ပေါင်းစပ်နေခြင်းကြောင့် ၎င်းသည် နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်လည်းဖြစ်သည်။ နယ်ချဲ့ပေါင်းစုံထံမှအကူအညီ၊ ချေး ငွေ၊ ဖက်စပ်အရင်းအနှီး စသည့်သဏ္ဍာန်မျိုးစုံဖြင့် ဖော်ပြသောနယ်ချဲ့ လက်ဝါးကြီးအုပ် အရင်းအနှီးနှင့် နီးနီးကပ်ကပ်ပေါင်းစပ်ပြီး လက်ဝေ ခံကာ တနိုင်ငံလုံး၏စီးပွားရေး ဘဏ္ဍာရေး အသက်သွေးကြောများကို ချုပ်ကိုင်ထားပေသည်။ တနိုင်ငံလုံး၏ အချက်အခြာစီးပွားရေးလုပ် ငန်းမှန်သမျှကို "ပြည်သူပိုင်"ဆိုသော တံဆိပ်ကပ်ကာ စစ်အစိုးရပိုင် လုပ်ပြီး ကိုယ်ကျိုးရှာနေကြသူများဖြစ်သည်။

ထို့ကြောင့် နေဝင်းစန်းယုစစ်အစိုးရ၏ လူတန်းစားလက္ခဏာ သည် နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်နှင့် ဗျူရိုကရက်အရင်းရှင်

စနစ်ကို ကိုယ်စားပြုသော ဗျူရိုကရက်အရင်းရှင် လူတန်းစားဖြစ်ပေသည်။ ဤလူတန်းစားသည် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးက တိုက်ဖျက်ရမည့်ပစ်ကွင်းဖြစ်ပေသည်။

## ၅။ နည်းပရိယာယ်လမ်းစဉ်နှင့် အဓိကတိုက်ပွဲသဏ္ဌာန်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အစပိုင်းအထိ မြေအောက်ပါတီအဖွဲ့အစည်းအဖြစ် တည်ရှိခဲ့သည်။ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးကို ခေါင်းဆောင်ခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်ကာလအတွင်း ဥပဒေတွင်းတိုက်ပွဲများကို အဓိကဆင်နွှဲရင်း လယ်သမားများ၏ လက်နက်ကိုင်ပုန်ကန်မှုများကို ခေါင်းဆောင်မှုပေးခဲ့ပြီး ၁၉၄၈ ခုနှစ်မှစ၍ လက်နက်ကိုင် တိုက်ပွဲဆင်နွှဲနေသော ပါတီဖြစ်ပေသည်။

လက်ရှိတော်လှန်ရေးအဆင့်တွင် နည်းပရိယာယ်လမ်းစဉ်သည် လက်နက်ကိုင်တိုက်ပွဲကို အဓိကတိုက်ပွဲသဏ္ဌာန်အဖြစ် ထားကာ အခြားတိုက်ပွဲသဏ္ဌာန်အမျိုးမျိုးနှင့် ပေါင်းစပ်ပေးခြင်းပင်ဖြစ်သည်။

တော်လှန်ရေး၏ အချက်အခြာ တာဝန်နှင့် အမြင့်ဆုံးတိုက်ပွဲသဏ္ဌာန်သည် နိုင်ငံရေးအာဏာကို လက်နက်ကိုင်အင်အားဖြင့် သိမ်းပိုက်ခြင်းဖြစ်သည်။ တော်လှန်ရေးနှင့် ပတ်သက်သော တလောကလုံးဆိုင်ရာ အမှန်တရားဖြစ်သော ဤမာ့က်စ်ဝါဒ၊လီနင်ဝါဒ၊မော်စီတုန်းအတွေးအခေါ်မှုအတိုင်း ဗမာပြည်တွင်လည်း လက်နက်ကိုင်တိုက်ပွဲဖြင့်သာ အာဏာသိမ်းနိုင်ပေလိမ့်မည်။ အခြားနည်းလမ်းမရှိပေ။

ဗမာပြည် အခိုင်အမာအခြေအနေအရ ဗမာပြည်တွင် ဆင်နွှဲနေသည့် လက်နက်ကိုင်တိုက်ပွဲသည် ရေရှည် ပြည်သူ့စစ်ပွဲဖြစ်သည်။ ပစ္စည်းမဲ့လူတန်းစားက ခေါင်းဆောင်သည့် လယ်သမားစစ်ပွဲဖြစ်သည်။

ရေရှည် လက်နက်ကိုင်တော်လှန်ရေး ဖြစ်ပေါ်တိုးပွားမှု လမ်းကြောင်း အနေဖြင့်ဆိုလျှင် ကျေးလက်ကိုအခြေခံ မြို့ကိုဝိုင်း၊ နောက်ဆုံးတပြည် လုံး အာဏာသိမ်းဟူသောမူအရ ကျယ်ပြန့်သော ကျေးလက်များတွင် အခြေခံဒေသများကို တည်ဆောက်ရမည်။ လက်ရှိအခြေခံဒေသများ ကို ခိုင်မြဲအောင်လုပ်ရမည်။ တိုးချဲ့ရမည်။ ဤနည်းဖြင့်နောက်ဆုံးတွင် တပြည်လုံး လွတ်မြောက်အောင်လုပ်ရမည်။

## ၆။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှု။

ဗမာပြည်တွင် လက်နက်ကိုင်တိုက်ပွဲ အောင်မြင်ရန်အတွက် အဓိ ကကျွင်းဆက်အကျဆုံးမှာ တွေးခေါ်မှုအရ၊ နိုင်ငံရေးအရ၊ စည်းရုံးရေး အရ၊ လုပ်ဟန်အရ မှန်ကန်သောလမ်းစဉ်ကို ကိုင်စွဲထားသည့် ဗမာ ပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုပင် ဖြစ်ပေသည်။ ဗမာပြည် တော်လှန်ရေး၏ခေါင်းဆောင်အမြုတေဖြစ်သော ဗမာပြည်ကွန်မြူနစ် ပါတီကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်ရန်လိုပေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ တိုက်ရိုက်နှင့်အကြွင်းမဲ့ခေါင်းဆောင် မှုကိုခံယူသော ပြည်သူ့တပ်မတော်ကို အင်အားကြီးမားပြီး ခိုင်မာ တောင့်တင်းလာအောင် တည်ဆောက်ရမည်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုအောက်တွင် ဘုံရန် သူ ဖောက်ပြန်ရေးအစိုးရကို တိုက်ဖျက်ဖြိုချနိုင်မည့် ကျယ်ပြန့်သော ညီညွတ်ရေး တပ်ပေါင်းစုတရပ်ကိုလည်း ခိုင်မာတောင့်တင်းအောင် တည်ဆောက်ရမည် ဖြစ်သည်။

ဤတပ်ပေါင်းစုတွင် ပစ္စည်းမဲ့လူတန်းစား (ဗမာပြည်ကွန်မြူနစ် မှတဆင့်) ကခေါင်းဆောင်၍ အလုပ်သမားလယ်သမား မဟာမိတ်ဖွဲ့ မှုအပေါ်တွင် အခြေခံကာ မြို့နေဓနရှင်ပေါက်စလူတန်းစား၊ အမျိုး

သား အရင်းရှင်လူတန်းစားနှင့် တိုးတက်သော အမျိုးသားအဖွဲ့အစည်းများ၊ ပြည်ချစ်ဒီမိုကရေစီပုဂ္ဂိုလ်များ ပါဝင်နိုင်ပေသည်။ ဤသို့ပါဝင်လာနိုင်အောင်လည်း ဗမာပြည်ကွန်မြူနစ်ပါတီက အစွမ်းကုန် ကြိုးပမ်းအားထုတ်မည်ဖြစ်သည်။

## ၇။ တော်လှန်ရေး၏ အဓိကဝင်ရိုး။

ဗမာပြည်တွင် လယ်သမားလူတန်းစားသည် လူဦးရေအများဆုံးဖြစ်သည့်အပြင် ပစ္စည်းမဲ့လူတန်းစား၏ စိတ်အချရဆုံးမဟာမိတ် ဖြစ်သည့်အတိုင်း လယ်သမားလူတန်းစား၏ မြေယာပြဿနာကိုမဖြေရှင်းနိုင်လျှင် ဗမာပြည်ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးသည် အောင်မြင်နိုင်မည်မဟုတ်ပေ။

လက်ရှိ တော်လှန်ရေးအဆင့်တွင် လယ်သမားပြဿနာကို ထိရောက်ပြတ်သားစွာ ဖြေရှင်းနိုင်ရေးအတွက် မြေယာတော်လှန်ရေးကို အဆင့်ဆင့် ကာလ ဒေသ အခြေအနေအရ အကောင်အထည်ဖော်ရပေမည်။

အချုပ်ဆိုသော် ဗမာပြည်ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး၏ အဓိကဝင်ရိုးသည် မြေယာတော်လှန်ရေး ဖြစ်ပေသည်။ တနည်းဆိုသော် ဗမာပြည်ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးသည် အနှစ်သာရအားဖြင့် ပစ္စည်းမဲ့လူတန်းစား (ဗမာပြည်ကွန်မြူနစ်ပါတီမှတဆင့်) က ခေါင်းဆောင်သည့် လယ်သမားစစ်ပွဲပင် ဖြစ်ပေသည်။

## ၈။ နိဂုံး။

ကျွန်တော်တို့ချီတက်ရာ လမ်းခရီးသည် အခက်အခဲ၊ အတားအဆီး၊ အကွေ့အကောက်များဖြင့် ပြွန်းတီးစေကာမူ ကျွန်တော်တို့၏ အ

နာဂါတ်ကား ထွန်းလင်းတောက်ပြောင်ပေသည်။ ကျွန်တော်တို့သည် ဗမာပြည်သစ်အတွက်ရင်း၊ ကွန်မြူနစ်ဝါဒရေးအတွက်ရင်း အသက်စွန့်ရမှာကိုမကြောက်၊အခက်အခဲကိုမကြောက်ဘဲ ကိုယ့်ဒူးကိုယ်ချွန်၊ ကိုယ့်အားကိုယ်ကိုးပြီး အဆင်းရဲအပင်ပန်းခံ၍ လုံးပမ်းတိုက်ခိုက်သည့် စိတ်ဓာတ်ဖြင့် တော်လှန်ရေးကိုရာသက်ပန်ဆင်နွှဲသွားရန် အဓိဋ္ဌာန်ပြုထားကြသူများဖြစ်သည်။ ကျွန်တော်တို့တပါတီလုံးသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအခေါ် ဝိဇ္ဇာပညာကို ဆုပ်ကိုင်နိုင်မည်ဆိုပါက၊ ဗမာပြည်လူ့အဖွဲ့အစည်းနှင့် ဗမာပြည်တော်လှန်ရေးလက်တွေ့ပြဿနာများကို နက်နက်ရှိုင်းရှိုင်း စူးစမ်းလေ့လာကာ သဘောတရားနှင့်လက်တွေ့ကို မှန်ကန်စွာပေါင်းစပ် ကျင့်သုံးနိုင်မည်ဆိုပါက၊ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် အခြေခံပေါ်တွင်ရင်း၊ အထွေထွေလုပ်ငန်းစဉ် ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းနှင့် ပေါ်လစီများ၏ အခြေခံပေါ်တွင်ရင်း တပါတီလုံးကို စည်းလုံးညီညွတ်အောင် လုပ်နိုင်မည် ဆိုပါက၊ လူထုကိုယုံကြည်ပြီး လူထုနှင့်တသားတည်း နီးနီးကပ်ကပ် ပူးပေါင်းကာ လူထုကိုဦးဆောင်သွားနိုင်မည်ဆိုပါက မည်သည့်အတားအဆီး အခက်အခဲကိုပင်ဖြစ်စေ လုံးဝကျော်နင်းပြီး အောင်ပွဲကိုအရဆွတ်ခူးနိုင်မည်မှာ ဧကန်မုချပင်ဖြစ်သည်။

သမိုင်းပေးတာဝန်ဖြစ်သော ကျွန်တော်တို့ပါတီ၏ အနိမ့်ဆုံးရည်မှန်းချက်နှင့် အမြင့်ဆုံးရည်မှန်းချက်တို့ကို ကျွန်တော်တို့တပါတီလုံးသည် အောင်မြင်စွာဆောင်ရွက်နိုင်စွမ်းရှိပေသည်။ ဧကန်မလွဲ အောင်မြင်စွာ ဆောင်ရွက်ရမည်လည်း ဖြစ်ပေသည်။